# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၃၇)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်
## (၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို နံနက် ၁၀း၃၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၃၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။**]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၇) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၃၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၀.၇၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ယနေ့အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူးမှ တင်ပြပါမယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်း ခွင့် ၁ ရက်၊

(၂) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်း ခွင့် ၁ ရက်၊

(၃) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၁ ရက်၊

(၄) ကြို့ပင်ကောက်မဲဆန္ဒနယ် ဦးသန့်ဇင် ခွင့် ၁ ရက်၊

(၅) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၁ ရက်၊

(၆) ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း ခွင့် ၁ ရက်၊

(၇) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၁ ရက်၊

(၈) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၁ ရက်၊

(၉) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ခွင့် ၁ ရက်၊

(၁၀) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၁ ရက်၊

(၁၁) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျော က် ခွင့် ၁ ရက်၊

(၁၂) မိုင်းယန်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၁၃) တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ ခွင့် ၁ ရက်၊

(၁၄) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊

(၁၅) ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး ခွင့် ၁ ရက်၊

(၁၆) မုံရွာမဲဆန္ဒနယ် ဦးခင်မောင်ဦး ခွင့် ၁ ရက်၊

(၁၇) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၁ ရက်၊

(၁၈) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၁ ရက်၊

(၁၉) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၁ ရက်၊

(၂၀) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၁ ရက်၊

(၂၁) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၂၂) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊

(၂၃) သရက်မဲဆန္ဒနယ်မှ ဦးဝင်းကျော် ခွင့် ၁ ရက်၊

(၂၄) ဆင်ပေါင်ဝဲမဲဆန္ဒနယ် ဦးအေးနိုင် ခွင့် ၁ ရက်၊

(၂၅) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၁ ရက်၊

(၂၆) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၁ ရက်၊

(၂၇) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၁ ရက်၊

(၂၈) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး ခွင့် ၁ ရက်၊

(၂၉) ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဦးအေးဟန် ခွင့် ၁ ရက်၊

(၃၀) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၁ ရက်၊

(၃၁) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်၊

(၃၂) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၁ ရက်၊

(၃၃) သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်း ခွင့် ၁ ရက်၊

(၃၄) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင် ခွင့် ၁ ရက်၊

(၃၅) ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း ခွင့် ၁ ရက်၊

(၃၆) မင်းဘူးမဲဆန္ဒနယ် ဦးအေးသူ ခွင့် ၁ ရက်၊

(၃၇) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၁ ရက်၊

(၃၈) သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် ခွင့် ၁ ရက်၊

(၃၉) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၄၀) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၁ ရက်၊

(၄၁) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၄၂) ခင်ဦးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ ခွင့် ၁ ရက်နှင့်

(၄၃) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ခွင့်ပန်ကြားသူများအားခွင့်ပြုပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၈ ဦး၊ ယနေ့ခွင့်ပြုထားသူ ၄၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၈၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**အမျိုးသမီး/သက်ကြီးရွယ်အို၊ မသန်စွမ်းသူ/မူးယစ်ဆေးဖြတ်ပြီးသူများကို စောင့်ရှောက်မည့်လုပ်ငန်းစဉ်များ၌ သက်ဆိုင်ရာဝန်ကြီးဌာနမှ အောက်ခြေထိ မည်သို့ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်မွှေးလွင်(မင်းကင်းမဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မအနေနဲ့တော့ အမျိုးသမီးကလေးသူငယ်နှင့် သက်ကြီးရွယ်အိုစတာတွေရဲ့ လူမှုဒုက္ခအမျိုးမျိုးကို နိုင်ငံတော်အစိုးရကနေ ကူညီဖြေရှင်းပေးနေရတဲ့အပေါ် ထိရောက်တဲ့အကျိုးကျေးဇူးတွေဖြစ်ဖို့ရန် ရည်ရွယ်ပြီးတော့ မေးမြန်းခြင်းဖြစ်ပါတယ်။ ကျွန်မလေ့လာသိရှိထားသလောက်က လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှာ ဦးစီးဌာနနှစ်ခုရှိတာ လူမှုဝန်ထမ်းဦးစီးဌာနရဲ့ လုပ်ငန်းတာဝန်ရှစ်ရပ်ကိုတွေ့ရပါတယ်။ ဒီလုပ်ငန်းစဉ် ရှစ်ရပ်ကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မယ်ဆိုရင်တော့ လက်တွေ့ဘဝမှာ တွေ့ကြုံခံစားကြရတဲ့ လူမှုဒုက္ခအဝဝကို ဖြည့်ဆည်းပေးခြင်း ဖြစ်မှာပါ။ ကလေးသူငယ်၊ ကလေးနှင့် လူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူနှင့် မူးယစ်ဆေးဖြတ်ပြီးသူတွေကို စောင့်ရှောက်မယ့်လုပ်ငန်းစဉ်ဆိုရင် နိစ္စဓူဝလူမှုဒုက္ခအပေါင်းကို ကယ်တင်ခြင်းလည်း မည်ပါတယ်။ ဒါပေမယ့်လည်း တကယ့်လက်တွေ့မှာတော့ အခြေခံပြည်သူတွေဟာ မိမိတို့အခုလို အခွင့်အရေးတွေရှိနေတယ်။ နိုင်ငံတော်ကနေ အခုလိုအကူအညီတွေစောင့်ရှောက်ပေးနေတယ်ဆိုတာပင် သိရှိတဲ့သူတွေရှားပါးနေပါတယ်။ အစိုးရမဟုတ်တဲ့ ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းတွေရဲ့ ဆောင်ရွက်ချက်တွေကပဲ မြင်သာထင်သာတွေ့ရှိနေရတဲ့အတွက် ပြည်သူများကြားဖူးရခြင်းပါ။ ကျွန်မတို့လို ဝေးလံခေါင်ဖျားအရပ်ဒေသမှာဆိုရင် ပြည်ပအကူအညီနဲ့လည်း အလှမ်းဝေးတဲ့အတွက် ကြားဖူးခြင်းပင်မရှိကြပါဘူး။ ကျွန်မမြို့နယ်မှာဆိုရင် ဘွဲ့ရအလုပ်လက်မဲ့ဦးရေ၊ မှီခိုကင်းမဲ့တဲ့ သက်ကြီးရွယ်အိုနဲ့ အခက်အခဲရှိတဲ့မိသားစုစာရင်းတွေကို စစ်တမ်းကောက်ယူကြည့်တဲ့အခါမှာဆိုရင် မှန်းဆတာထက်ပိုပြီးတော့ များနေတာလည်း တွေ့ရပါတယ်။ အမျိုးသမီးတွေရဲ့ အမျိုး

မျိုးသော အနိုင်ကျင့်သဘောခံစားရလို့ ရင်ဖွင့်သံတွေ၊ အကြံဉာဏ်တောင်းဆိုချက်တွေဆိုရင် စိတ်မချမ်းမြေ့အောင်ထိ များပြားပါတယ်။ အမျိုးသမီးတွေကို စောင့်ရှောက်ပေးနိုင်တဲ့ နေရာတွေကိုလည်း တမ်းတကြပါတယ်။ တရားရုံးတွေ၊ ရဲစခန်းတွေကို ညွှန်ကြားပြီးတော့ စေလွှတ်မှာကိုလည်း အကြောင်းအမျိုးမျိုးကြောင့် သူတို့အင်မတန်မှ ထိတ်လန့်ကြတာလည်း တွေ့ရပါတယ်။ ကျွန်မအနေနဲ့လည်း မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာတိုင်းမှာ လူမှုအထောက်အကူပြုအဖွဲ့တွေ ဖွဲ့စည်းပြီးတော့ အခက်အခဲရှိသူတွေရဲ့ လူမှုကိစ္စအချို့ကို ဖြည့်ဆည်းနိုင်သလောက် ဖြည့်ဆည်းပေးကြဖို့ အကြံပြုစာတွေထွက်ပြီးတော့ လမ်းညွှန်ပေးခြင်းဆောင်ရွက်ကြည့်ပါတယ်။ ပရဟိတစိတ်နဲ့ ငွေကြေးအသင့်အတင့်ရှိတဲ့ ကျေးရွာတွေအတွက်ကတော့ ဆောင်ရွက်နိုင်တာကိုတော့ တွေ့ရပါတယ်။ အခု လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့လည်း စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတွေကို ထောက်ပံ့ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေကို ဆောင်ရွက်တယ်လို့ သိရှိတယ်လို့သိရှိထားရတဲ့အတွက် ကျွန်မတို့လို ဝေးလံခေါင်ဖျားဒေသတွေထိ မခံစားရသေးဘူးတဲ့ လူမှုကိစ္စအကူအညီတွေရရှိသင့်ပါတယ်။ ရရှိမယ်ဆိုရင် ထိရောက်တဲ့၊ အကျိုးများတဲ့ အကောင်အထည်ဖော်ဆောင်ရွက်မှုတွေ ဖြစ်နိုင်လိမ့်မယ်လို့ ယုံကြည်ရမှာပါ။ မြို့နယ်တိုင်းမှာ ဖွဲ့စည်းထားတဲ့ အမျိုးသမီးရေးရာနဲ့ မိခင်၊ ကလေးလူမှုရေးအဖွဲ့အစည်းတွေကိုလည်း အမျိုးသမီးထုတစ်ရပ်လုံးရဲ့ ယုံကြည်အားထားရတဲ့ အဖွဲ့အစည်းတစ်ခုအဖြစ်ကို အားကိုးလိုကြပါတယ်။ ဒါ့ကြောင့်မို့လို့ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် အမျိုးသမီး၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူနဲ့ မူးယစ်ဆေးဝါးဖြတ်ပြီးသူတွေကို စောင့်ရှောက်မယ့်လုပ်ငန်းစဉ်တွေမှာ သက်ဆိုင်ရာဝန်ကြီးဌာနကနေပြီးတော့ အောက်ခြေထိမည်သို့ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဘုန်းဆွေ(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဘုန်းဆွေ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်း

ဒေသကြီး၊ မင်းကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မွေးလွင် မေးမြန်းထားရှိတဲ့ မေးခွန်းအား ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနဟာ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကလေးနှင့် လူငယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ အမျိုးသမီးစောင့်ရှောက်ရေးလုပ်ငန်း၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း၊ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများထောက်ပံ့ခြင်းနဲ့ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ လူမှုဂရုဏာစောင့်ရှောက်ရေးလုပ်ငန်းစတဲ့ လုပ်ငန်းကြီးရှစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါလူမှုဝန်ထမ်းလုပ်ငန်းကြီးရှစ်ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနဟာ ယခင်ဖွဲ့စည်းပုံအရ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ခရိုင်အချို့တွင်သာ ရုံးများဖွင့်လှစ်ပြီးတော့ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဌာနရဲ့ ဖွဲ့စည်းပုံအခြေအနေအရ ဝန်ထမ်းအင်အား အနည်းငယ်ဖြင့်သာ ဆောင်ရွက်လျက်ရှိပြီး လူမှုစီးပွားဘဝနယ်ပယ်၏ အပြင်သို့ ရောက်ရှိလာသော မိဘမဲ့ကလေးများ၊ လမ်းပေါ်နေကလေးများ၊ ပြစ်မှုပြစ်ဒဏ်ဖြင့် ရောက်ရှိလာတဲ့ ကလေးများ၊ ပြန်လည်ထူထောင်မှုပေးရမယ့် အမျိုးသမီးများ၊ စောင့်ရှောက်မှုမဲ့နေသော သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ မူးယစ်ဆေးဖြတ်ပြီးသူများ၊ လူကုန်ကူးခံရသူများကို ဌာနအခြေပြုအနေဖြင့် စောင့်ရှောက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယခု နိုင်ငံတော်အစိုးရ လက်ထက်မှာ လူမှုဝန်ထမ်းဦးစီးဌာနရဲ့ ဖွဲ့စည်းပုံကို တိုးချဲ့ဖွဲ့စည်းခွင့်ပြုခဲ့ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ တိုးချဲ့လာတဲ့ ဖွဲ့စည်းပုံအရ လူမှုစီးပွားဘဝနယ်ပယ်တွင် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်ကို လူမှုဝန်ထမ်းလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အထူးသဖြင့် ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများကို အဓိကထားပြီး ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး ခရိုင်အဆင့်ရုံးများနဲ့ မြို့နယ်အဆင့်ရုံးများကို တိုးချဲ့ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။

အန္တရာယ်ကျရောက်လွယ်တဲ့ အမျိုးသမီးများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးသဘောတရားအရ ရပ်ရွာအခြေပြုကာကွယ်စောင့်ရှောက်ရေးအတွက် လိုအပ်တဲ့အမျိုးသမီးများကို

တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နဲ့မြို့နယ် အမျိုးသမီးရေးရာကော်မတီများ အဆင့်ဆင့်မှ အထူးအလေး အနက်ထားပြီး ကာကွယ်စောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနဟာ ဝေးလံ ခေါင်းဖျားတဲ့ တောင်ပေါ်ဒေသရှိ အမျိုးသမီးငယ်များ၊ ဆင်းရဲနွမ်းပါးပြီးချို့တဲ့သော အမျိုးသမီးများ၊ လူကုန်ကူးခံရမည့် အခြေအနေနှင့် အန္တရာယ်ကျရောက်နိုင်သော အခြေအနေတွင်ရှိသည့် အမျိုး သမီးများအား ကြိုတင်ကာကွယ်ရေးအနေဖြင့် သင်တန်းကျောင်းအခြေပြု စောင့်ရှောက်ရေးလုပ်ငန်း အဖြစ် ကျိုင်းတုံမြို့ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းမှာ စောင့်ရှောက်ပေးလျက်ရှိပါ တယ်။ အဆိုပါသင်တန်းကျောင်းများတွင် မူလတန်းမှစ၍ အထက်တန်းအထိ အတန်းပညာများ သင်ကြားပေးလျက်ရှိပြီး နွေရာသီကျောင်းပိတ်ချိန်တွင် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်း၊

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဘုန်းဆွေ(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန)**။ ။ ယဉ်ကျေးလိမ္မာစေရန် သင်ကြားပေးခြင်း၊ ဘဝတွက်တာကျွမ်းကျင်ရာပညာများ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အပြင် တာချီလိတ်မြို့တွင် အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်းတစ်ကျောင်း ထပ်မံဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်မှာရှိတဲ့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း ခုနစ်ကျောင်းမှာ သင်တန်းကျောင်းအခြေပြုနဲ့ ရပ်ရွာအခြေပြုသင်တန်းများကို တစ်နှစ်လျှင် ရှစ် ကြိမ် သင်ကြားပေးလျက်ရှိပါတယ်။ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ မြစ်ကြီးနား၊ တောင်ငူ၊ ပုသိမ်၊ ဖျာပုံမြို့များမှာ အချက်အပြုတ်၊ အချုပ်အလုပ် စသော အသက်မွေးဝမ်းကျောင်းပညာများကို သင်ကြားပေးလျက်ရှိပြီး ဝေးလံဒေသနှင့် သွားလာရန် ခက်ခဲသော ဒေသများရှိ အမျိုးသမီးများအား ရပ်ရွာအခြေပြုသင်တန်းများ လိုက်လံပို့ချပေးလျက်ရှိပါ တယ်။ ဝေးလံဒေသများသို့ တစ်နှစ်လျှင် အကြိမ် ၅၀၊ ၅၀၀၀ ဦးကျော်ကို သင်ကြားပေးလျက်ရှိပါ တယ်။ သင်တန်းဆင်းပြီးသော အမျိုးသမီးများအနေဖြင့် တစ်နိုင်တစ်ပိုင် ကိုယ်ပိုင် ဆိုင်များထူထောင် ခြင်း၊ အထည်ချုပ်စက်ရုံများ၊ ပုဂ္ဂလိကဆိုင်များမှာ အလုပ်အကိုင်ရရှိခြင်းစတဲ့ စီးပွားရေးလုပ်ငန်းများ ကို ဆောင်ရွက်နိုင်ပါတယ်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန သည် သက်ကြီးရွယ်အိုများကို စောင့်ရှောက်မှုပေးရာမှာ ရိပ်သာအခြေပြုစောင့်ရှောက်ရေးလုပ်ငန်း

အဖြစ် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်ထားတဲ့ ဘိုးဘွားရိပ်သာများကို အသိအမှတ်ပြု၍ ပထမအဆင့်မှာ လူတစ်ဦးတစ်နှစ်ကို ဆန်ဖိုး ၃၀၀၀ဝိ/-၊ ဒုတိယအဆင့်မှာ ဆန်ဖိုးငွေအပြင် စားစရိတ် ၃၀၀၀ဝိ/- နဲ့ ဝတ်စရိတ် ၁၃၀၀ဝိ/- ၊ တတိယအဆင့်မှာတော့ ဆန်ဖိုး၊ စားစရိတ်၊ ဝတ်စရိတ်အပြင် ဂေဟာမှူးလစာ ၃၆၀၀ဝိ/- ကို ထောက်ပံ့ပေးလျက်ရှိပါတယ်။ ယခုလက်ရှိ ဘိုးဘွားရိပ်သာစုစုပေါင်း ၇၂ ခုမှာ ဘိုးဘွားပေါင်း ၂၄၃၀ ဦးကို စောင့်ရှောက်ပေးလျက်ရှိပါတယ်။ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး နည်းဗျူဟာအမှန်မှာ လူမှုရေးနယ်ပယ်အတွင်း၊ ရပ်ရွာအတွင်း အတူတကွနေထိုင်စောင့်ရှောက်ခြင်းဖြစ်ပြီး အမှန်တကယ်လိုအပ်မှသာ ဘိုးဘွားရိပ်သာတွင် စောင့်ရှောက်ခြင်းဖြစ်ပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနသို့ တိုင်းဒေသကြီး/ပြည်နယ်ရုံးများမှတစ်ဆင့် အသိအမှတ်ပြု လျှောက်ထားလာသော ဘိုးဘွားရိပ်သာများကို သတ်မှတ်ချက်များနဲ့ညီညွတ်ပါက ပထမအဆင့် ဘိုးဘွားရိပ်သာအဖြစ် အသိအမှတ်ပြုပြီး ဆန်ဖိုးငွေထောက်ပံ့ပေးအပ်ပါတယ်။ ပထမအဆင့် သက်တမ်းသုံးနှစ်ပြည့်မြောက်၍ ဒုတိယအဆင့်သို့ တိုးမြှင့်ပေးရန် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ရုံးများမှတစ်ဆင့် လျှောက်ထားလာပါက ဒုတိယအဆင့်သို့တိုးမြှင့်ပြီး ဆန်ဖိုးငွေအပြင် စားစရိတ်၊ ဝတ်စရိတ်တို့ကို ထောက်ပံ့ပေးပါတယ်။ ဒုတိယအဆင့်တွင် ငါးနှစ်ပြည့်မြောက်၍ တတိယအဆင့်သို့တိုးမြှင့်ပေးရန် လျှောက်ထားလာပါက တတိယအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးပြီး ဆန်ဖိုး၊ စားစရိတ်၊ ဝတ်စရိတ်အပြင် ဂေဟာမှူးလစာတို့ကိုပါ ထောက်ပံ့ပေးပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနက နိုင်ငံတကာသက်ကြီးရွယ်အို စောင့်ရှောက်ရေးပုံစံတစ်ခုဖြစ်တဲ့ သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ ( Day Care Centre for the Aged) ကို ၂၀-၁၁-၂၀၁၃ ရက်နေ့မှာ ရန်ကုန်မြို့မှာ ဖွင့်လှစ်စောင့်ရှောက်လျက်ရှိပါတယ်။ ကျန်ရှိနေတဲ့ တိုင်းဒေသကြီး/ပြည်နယ်များမှာ ဖွင့်လှစ်ဆောင်ရွက်လိုပါက နည်းပညာနဲ့ အထောက်အပံ့အကူအညီများ ပေးအပ်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ရပ်ရွာအခြေပြုသက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းအဖြစ် ၂၀၀၄ ခုနှစ်မှစတင်ပြီး နိုင်ငံတကာစောင့်ရှောက်မှုနည်းလမ်းဖြစ်တဲ့စေတနာ့ဝန်ထမ်းအခြေခံအိမ်တိုင်ရာရောက်သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း (Home Care for Older People) နဲ့ အသက်အရွယ်ကြီးမြင့်ပြီး လုပ်ကိုင်နိုင်စွမ်းရှိတဲ့ သက်ကြီးရွယ်အိုများအတွက် မိတ်ဖက်အဖွဲ့အစည်းများနဲ့ ပူးပေါင်းကာ သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့ ( Older People Self-Help Groups) ကို မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့မှာ

ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအခြေအနေအရ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများကို မိသားစုစောင့်ရှောက်မှုပုံစံဖြင့် စောင့်ရှောက်ပေးလျက်ရှိပြီး ရပ်ရွာအခြေပြုသက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။ အိမ်တိုင်ရာရောက်သက်ကြီးရွယ်အိုစောင့်ရှောက်ရေးရဲ့ ရည်ရွယ်ချက်မှာ ရပ်ရွာအတွင်းမှာရှိတဲ့ အမှီအခိုကင်းစွာနေထိုင်လျက်ရှိတဲ့ သက်ကြီးရွယ်အိုများကို လူမှုရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများအပြင် သက်ကြီးရွယ်အိုများ၏ လိုအပ်ချက်များဖြစ်တဲ့ နေ့စဉ်လုပ်ရှားဆောင်ရွက်မှုတွေကို ကူညီဆောင်ရွက်ပေးခြင်းပဲ ဖြစ်ပါတယ်။ အိမ်တိုင်ရာရောက် စောင့်ရှောက်ခြင်းမှာ ရပ်ရွာအတွင်းနွမ်းပါး၍ အထီးကျန်ဆန်နေသော ဘိုးဘွားများရဲ့ လူမှုရေး၊ ကျန်းမာရေးတို့အတွက် လေ့ကျင့်သင်ကြားပေးထားသော စေတနာ့ဝန်ထမ်းတစ်ဦးစီမှ ဘိုးဘွားတစ်ဦးချင်းစီကို အိမ်တိုင်ရာရောက်စောင့်ရှောက်မှုပေးခြင်းပဲ ဖြစ်ပါတယ်။

စေတနာ့ဝန်ထမ်းများ ကူညီဆောင်ရွက်ပေးသော စောင့်ရှောက်မှုအမျိုးအစားများမှာ အဖော်ပြုနေထိုင်ပေး၍ နေ့စဉ်လုပ်ငန်းဆောင်တာများဖြစ်တဲ့ ရေချိုးပေးခြင်း၊ အဝတ်လျှော်ပေးခြင်း၊ သွားလာရာတွင်ကူညီပို့ဆောင်ပေးခြင်း၊ ဈေးဝယ်ပေးခြင်း၊ ဆရာဝန်ညွှန်ကြားထားသော ဆေးဝါးများအား အချိန်မှန်မှီဝဲနိုင်ရန် အကူအညီပေးခြင်းနှင့် လိုအပ်ပါက ဆေးရုံ/ဆေးခန်းများနှင့် ချိတ်ဆက်ပို့ဆောင်ပေးခြင်းတို့ဖြစ်ပါတယ်။ တစ်ပတ်လျှင် အနည်းဆုံး တစ်ကြိမ်သွားရောက်ပြီးတော့ တစ်ကြိမ်လျှင် အနည်းဆုံးနှစ်နာရီကြာ စောင့်ရှောက်မှုပေးပါတယ်။ ရပ်ရွာအခြေပြု သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းတစ်ခုဖြစ်သော သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့အား တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးခုမှာ ဖွဲ့စည်းဆောင်ရွက်ခြင်းအားဖြင့် အသက်အရွယ်ကြီးမြင့်သော်လည်း ကိုယ်ပိုင်စွမ်းရည်များ ကျန်ရှိသော ရပ်ရွာအတွင်းရှိ သက်ကြီးရွယ်အိုများအတွက် ဝင်ငွေရရှိရေး လုပ်ငန်းများအပြင် မိသားစုနှင့် ရပ်ရွာအပေါ် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးနိုင်မှာ ဖြစ်ပါတယ်။

လူမှုဝန်ထမ်းဦးစီးဌာနက ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအနေဖြင့် ရပ်ရွာအခြေပြု သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းဖြစ်တဲ့ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းနဲ့ သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့များ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သက်ကြီးရွယ်အိုဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံကိန်းကို ပြည်ထောင်စုအစိုးရအဖွဲ့မှ အတည်ပြုပြီး ဖြစ်ပါသဖြင့် အဆိုပါ လုပ်ငန်းစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းစီမံကိန်းမှာ အကောင်အထည်ဖော်မည့် လုပ်ငန်းတွေကတော့ ဝေးလံခေါင်ဖျားဒေသမှာရှိတဲ့ သက်ကြီး

ရှယ်အိုများအပါအဝင် တစ်နိုင်ငံလုံးမှာရှိတဲ့ သက်ကြီးရွယ်အိုများကို လွှမ်းခြုံမှုရှိစေမှာဖြစ်တဲ့အတွက် လက်တွေ့ကျပြီး ထိရောက်မှုဖြစ်တဲ့လုပ်ငန်းစဉ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူမှုဝန်ထမ်းဦးစီးဌာနဟာ မသန်စွမ်းသူများဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို မသန်စွမ်းသူများရဲ့ လိုအပ်ချက်နှင့်အညီ နှစ်စဉ် ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရဲ့ နှစ်စဉ်လုပ်ငန်းစဉ်များမှာ မသန်စွမ်းသူများအတွက် ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို မသန်စွမ်းသူများ လူ့အဖွဲ့အစည်းများအတွင်း အကျုံးဝင်ပါဝင်နိုင်ရေးအတွက် ဦးတည်ဆောင်ရွက်ရေးအတွက်၊ ထည့်သွင်းရေးဆွဲထားပြီး လူဦးရေထူထပ်တဲ့ မြို့ကြီးပြကြီးများ သဘာဝဘေးနှင့် ရင်ဆိုင်ကြုံတွေ့နေရတဲ့ ဦးတည်အုပ်စုများအတွက် ပထမဦးစားပေး ဆောင်ရွက်လျက်ရှိပါတယ်။ ဝေးလံခေါင်ဖျားဒေသများမှ ပြည်သူလူထုများ၊ မသန်စွမ်းသူများဆိုင်ရာ ကိုယ့်အားကိုယ်ကိုး အဖွဲ့အစည်းများ အပါအဝင် မသန်စွမ်းသူများရဲ့ အဖွဲ့အစည်းများနှင့် အခြား လူမှုရေးလုပ်ငန်းများ ဆောင်ရွက်တဲ့ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအားလည်း ဖိတ်ကြားပြီး မသန်စွမ်းမှုနှင့် မသန်စွမ်းသူများဆိုင်ရာ အသိပညာပေးဆင့်ပွားသင်တန်းနှင့် နည်းပြသင်တန်းများ ပို့ချပေးလျက်ရှိပါတယ်။ မသန်စွမ်းသူများရဲ့ အခွင့်အရေးများကို အကာအကွယ်ပေးရန်နှင့် တိုးမြှင့်ရရှိရန်တို့အတွက်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဘုန်းဆွေ(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေ(မူကြမ်း)တစ်ရပ်အား လူမှုဝန်ထမ်းဦးစီးဌာနနဲ့ မသန်စွမ်းသူများကိုယ်တိုင် ပူးပေါင်းရေးဆွဲပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေပေါ်ပေါက်လာပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ မသန်စွမ်းသူများကို ပိုမိုကြည့်ရှုစောင့်ရှောက်နိုင်မှာ ဖြစ်ပါတယ်။

လူမှုဝန်ထမ်းဦးစီးဌာနဟာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာရှိတဲ့ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ရုံးခွဲများထားရှိပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ မသန်စွမ်းသူများနှင့် သက်ဆိုင်တဲ့ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်း ထည့်သွင်းဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိအခြေအနေမှာ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနဟာ လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့်မူဝါဒနှင့် မဟာဗျူဟာ ချမှတ်ရေးဆွဲလျက်ရှိရာ နိုင်ငံတစ်ဝှမ်း မသန်စွမ်းသူများ လက်လှမ်းမီစွာရယူသုံးစွဲနိုင်မယ့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝ ရပ်တည်မှုဆိုင်ရာ အထောက်အပံ့များ ပါဝင်မှာ ဖြစ်ပါတယ်။

မူးယစ်ဆေးဝါးပြဿနာသည် မြန်မာနိုင်ငံတစ်ခုလုံးမှာသာမက တစ်ကမ္ဘာလုံး ရင်ဆိုင်ဖြေရှင်း နေရတဲ့ ပြဿနာဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ အရွယ်ရောက်သူ သန်း ၂၃၀ ကျော်မှာ မူးယစ်ဆေးဝါးကို တစ်ကြိမ်သုံးစွဲခဲ့သူများဖြစ်ပြီး ၂၇ သန်းမှာ မူးယစ်ဆေးဆွဲလျက်ရှိပါတယ်။ နှစ်စဉ် လူ ၂၀၀၀၀၀ ခန့်မှာ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် သေဆုံးကြကြောင်း၊ ၂၀၁၂ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ အစီရင်ခံစာ မှာ ဖော်ပြထားပါတယ်။

လူမှုဝန်ထမ်းဦးစီးဌာနဟာ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းအား အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ကို တာဝန်ယူဆောင်ရွက်လျက် ရှိပါတယ်။

ဆေးဝါးသုံးစွဲသူသည် ဆေးကုသမှုခံယူပြီးသော်လည်း အများစုမှာ ဆေးပြန်လည်သုံးစွဲသည်ကို တွေ့ရပါတယ်။ ထိုသို့ဖြစ်ရခြင်းမှာ ခိုင်မာသော စိတ်ဆုံးဖြတ်ချက်မရှိခြင်း၊ ပတ်ဝန်းကျင်နှင့် မိသားစု ယုံကြည်အားပေးနွေးထွေးမှုမရှိခြင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်းကြံ့ခိုင်မှုမရှိသေးခြင်းနှင့် ပတ်ဝန်းကျင်အခြေ အနေတို့ကြောင့် ဖြစ်ပါတယ်။

ထိုသို့သော ပြဿနာများဖြေရှင်းကျော်လွှားနိုင်ရန် ဆေးကုသမှုခံယူပြီးနောက် ပြန်လည် ထူထောင်မှုခံယူနိုင်ရန်အတွက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ပြန်လည်ထူထောင်ရေးစခန်းများ ဖွင့်လှစ်ပြီးတော့ ရုပ်ပိုင်း၊ စိတ်ပိုင်းပြန်လည် ထူထောင်ပေးခြင်း၊ လူမှုပတ်ဝန်းကျင်နှင့် မိသားစုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ရန် ကူညီပေး သည့်အပြင် ပြန်လည်ထူထောင်မှု ခံယူပြီးသူများအား ရပ်ရွာအခြေပြုစေတနာ့ဝန်ထမ်း ကြီးကြပ်ရေး မှူးများမှတစ်ဆင့် နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲသူများ ပြည်လည်ထူထောင်ရေးစခန်းသို့ သွားရောက်မယ့်ခရီးစရိတ် သက်သာစေ ရန် မိမိတို့ရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နိုင်စေရန်အတွက် ရပ်ရွာအတွင်း

မူးယစ်ဆေးစွဲသူ ရောဂါကုသရေးစခန်းများဖွင့်လှစ်ပြီး ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး ရပ်ရွာအခြေပြုပြန်လည်ထူထောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ဖို့ ကြိုးစားပါ။

**ဦးဘုန်းဆွေ(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လူမှုဝန်ထမ်းဦးစီးဌာနသည် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတော်အစိုးရ မဟုတ်သော အဖွဲ့အစည်း ၂၂ ဖွဲ့နဲ့ နားလည်မှုစာချွန်လွှာတွင် လက်မှတ်ရေးထိုးခဲ့ပြီး လူမှုဝန်ထမ်းလုပ်ငန်းများအား အတူတကွ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကစတင်ပြီး စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား ထောက်ပံ့ရာမှာ ယခင်နှစ်များထက် နိုင်ငံတော်အစိုးရအနေနဲ့ ၃.၁၃ ဆ တိုးမြှင့်ပြီး စုစုပေါင်း ကျပ်သန်းပေါင်း ၁၇၁၆.၀၃၇ အား ထောက်ပံ့ပေးနိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်း ၁၇၁၆.၀၄ အား ဆက်လက်ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးစေတနာ့ဝန်ထမ်းအဖွဲ့အစည်းများဖြစ်သည့် လူငယ်ဂေဟာများ၊ မသန်စွမ်းဂေဟာများ၊ အမျိုးသမီးပရဟိတဂေဟာများ၊ ဘိုးဘွားရိပ်သာများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများသို့ ကျပ်သိန်းပေါင်း ၁၁၃၁.၅၅၄၅ အား ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ လူမှုဝန်ထမ်းဦးစီးဌာနဟာ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မူဝါဒနှင့် မဟာဗျူဟာများ ချမှတ်ရေးဆွဲလျက်ရှိရာ လူတိုင်းအကျုံးဝင်မည့် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများအနေဖြင့် လက်လှမ်းမီစွာရယူ သုံးစွဲနိုင်မယ့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝ ရပ်တည်မှုဆိုင်ရာ အထောက်အပံ့များပါဝင်မည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**လယ်ယာမြေများ မှတ်ပုံတင်ခွင့်အခြေအနေနှင့် မှတ်ပုံတင်ပြီး လယ်ယာမြေများအား တရားဝင်ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ ပေးကမ်းခွင့်များကို မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်နှင့် မ/ပြေစာထွက် စိုက်ပျိုးနေသော လယ်ယာမြေများအား မှတ်ပုံတင်ခွင့် ရှိ/မရှိ သလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိအဖွဲ့အစည်း

များနှင့် လွှတ်တော်လေ့လာရေးလာရောက်ကြတဲ့အဖွဲ့များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လယ်ယာမြေများ မှတ်ပုံတင်ခွင့်အခြေအနေနှင့် မှတ်ပုံတင်မည့်လယ်ယာမြေများအား တရားဝင်ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ ပေးကမ်းခွင့်များကို မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မှုရှိ/မရှိနှင့် မ/ပြေစာထွက် စိုက်ပျိုးနေသောလယ်ယာမြေများအား မှတ်ပုံတင်ခွင့်ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ လယ်ယာမြေမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ၂၀၁၃ ခုနှစ်မှစ၍ ဆောင်ရွက်လျက်ရှိပါတယ်။ လယ်ယာမြေမှတ်ပုံတင်ခွင့်ရရှိမှသာ တရားဝင်ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်များကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအခန်း(၃)ရှိ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများတွင် ပုဒ်မ ၉ ၌ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် အောက်ပါအခွင့်အရေးများကို ရရှိစေရမည်။ ပုဒ်မခွဲ(ခ) လယ်ယာမြေအားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်ဟု ဖော်ပြထားရှိပါတယ်။ တောင်သူလယ်သမားများအနေနဲ့ လယ်ယာမြေများကို မှတ်ပုံတင်ပြီးမှသာ ၎င်းအခွင့်အရေးများကို ရရှိမှာဖြစ်ပါတယ်။ တချို့တောင်သူများအနေနဲ့ မှတ်ပုံတင်မည့်လယ်ယာမြေများအား ကိုယ့်နည်းကိုယ့်ဟန်နဲ့ ပြင်ပတွင် ရောင်းဝယ်လျက်ရှိနေသည်ကို တွေ့ရှိရပါတယ်။ လယ်ယာမြေများကို ဥပဒေအရ ဆောင်ရွက်ခြင်းမရှိတဲ့အတွက် နောင်တွင်မြေယာပြဿနာများ များပြားစွာဖြစ်ပေါ်လာနိုင်သလို နိုင်ငံတော်အတွက်လည်း အခွန်ဘဏ္ဍာများဆုံးရှုံးနစ်နာမှုများ ဖြစ်လာနိုင်ပါတယ်။ တချို့တောင်သူများအနေနဲ့ မိမိတို့စားဝတ်နေရေးကြောင့်လည်းကောင်း၊ အချိန်အခါအရ တာဝန်ပေးစေခိုင်းမှုကြောင့်လည်းကောင်း၊ ဦးပိုင်မပေါက်သောမြေအမျိုးမျိုးတွင် မ/ပြေစာထွက်၍ နှစ်ကာလကြာရှည်စွာ စိုက်ပျိုးလုပ်ကိုင်နေကြသည်မှာ ဧကပေါင်းမြောက်မြားစွာရှိကြသည်ကိုလည်း တွေ့ရှိနေရပါတယ်။ ၎င်းမ/ပြေစာထွက်ရှိသည့်မြေများကိုလည်း တောင်သူများလုပ်ကိုင်ခွင့်မြဲနိုင်ရန် ဦးပိုင်ပေါက်မြေများဖြစ်ဖို့ လိုအပ်ပါတယ်။ ဦးပိုင်ပေါက်မြေများဖြစ်မှသာ လယ်ယာမြေမှတ်ပုံတင်ဆောင်ရွက်နိုင်ပြီး နိုင်ငံတော်ရဲ့စိုက်ပျိုးစရိတ်ချေးငွေများကို ရရှိနိုင်မှာဖြစ်ပါတယ်။ ဒီကိစ္စက နိုင်ငံတစ်ဝှမ်းလုံးမှာရှိတဲ့ တောင်သူတိုင်းရဲ့ လိုအင်ဆန္ဒလည်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ အောက်ပါမေးခွန်းများကို မေးမြန်းသွားမှာဖြစ်ပါတယ်။

မေးခွန်း(၁) ယနေ့အချိန်အထိ မှတ်ပုံတင်ပြီးသော လယ်ယာမြေဧကနှင့် တောင်သူဦးရေ၊ မှတ်ပုံတင်ရန်ကျန်သည့်ဧကနှင့် တောင်သူဦးရေကို သိရှိလိုပါတယ်။ မေးခွန်း(၂) မှတ်ပုံတင်ပြီး လယ်ယာမြေများအား တရားဝင်ရောင်းချခွင့်နှင့် ပေါင်နှံခွင့်တို့အား မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိနှင့် မည်ကဲ့သို့ဆောင်ရွက်ရမည်ကို သိရှိလိုပါတယ်ခင်ဗျား။ မေးခွန်း(၃) နှစ်ကာလကျော်က တောင်သူများစိုက်ပျိုးခဲ့သည်ကို မ/ပြေစာထွက်မြေများအား ဦးပိုင်ပေါက်မြေများဖြင့် ဆောင်ရွက်ပေးနိုင်မှုအစီအစဉ်ရှိ/မရှိ၊ မှတ်ပုံတင်ခြင်းရှိ/မရှိ သိရှိလိုကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးအုန်းသန်းက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းကို ၁-၁-၂၀၁၃ နေ့မှစတင်ပြီး ဆောင်ရွက်ပေးခဲ့ရာမှာ ၁၇-၁၁-၂၀၁၄ ရက်နေ့အထိ ပုံစံ (၇) ထုတ်ပေးခြင်းလုပ်ငန်းကို တောင်သူပေါင်း ၅.၃၆ သန်း ရာခိုင်နှုန်းအားဖြင့် ၉၆.၇၆ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီး တောင်သူ ဝ.၁၉ သန်းခန့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ထုတ်ပေးရန် ကျန်ရှိပါတယ်။ ကျန်ရှိရတဲ့အကြောင်းအရင်းဟာ ပထမဦးစားပေးမှ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့မှာ နယ်မြေဒေသအခြေအနေနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့်လည်းကောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများကြောင့်လည်းကောင်း ကျန်ရှိနေခြင်းဖြစ်ပါတယ်။

လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(င)အရ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအား စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာလျှင် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ်သို့မဟုတ် အစိုးရက အသိအမှတ်ပြုသော ဘဏ်တွင်သာ ပေါင်နှံရမှာဖြစ်ပါတယ်။ ပေါင်နှံခြင်းကို

လက်ခံဆောင်ရွက်ပေးမယ့်ဘဏ်များ သတ်မှတ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သိရှိရပါတယ်။ တောင်သူလယ်သမားများ လက်ရှိအသုံးပြုနေတဲ့ လယ်ယာမြေများအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းများ ပြုလုပ်ရာမှာ နိုင်ငံတော်၏ အခွန်ဘဏ္ဍာရရှိရေးအတွက် စာချုပ်မှတ်ပုံတင်ခြင်း၊ တံဆိပ်ခေါင်းခွန်ကပ်နှိပ်ခြင်းတို့နှင့်စပ်လျဉ်းပြီး ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ ဇယား(၂) အရ တိုင်းဒေသကြီး/ပြည်နယ်များမှ လယ်ယာမြေများအတွက် အခွန်နှုန်းထား သတ်မှတ်ဆောင်ရွက်ရန် လိုအပ်ခြင်း၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်မှ ရောင်းချ၊ ပေါင်နှံ၊ လဲလှယ်၊ ငှားရမ်း၊ ပေးကမ်းခြင်းတို့အတွက် လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများအားလုံး ပြီးစီးချိန်မှာ ညွှန်ကြားဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိပြီး ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်မှာပါရှိတဲ့ မ/ပြေစာထွက် စိုက်ပျိုးနေသောလယ်ယာမြေများဟာ စားကျက်မြေ၊ လမ်းကျူးကျော်မြေ စသည့် ကျူးလွန်စိုက်ပျိုးမြေများဖြစ်ပါက လယ်ယာမြေဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(က)အရ လယ်ယာမြေဟူသည့် စကားရပ်နှင့် အကျုံးဝင်ခြင်း မရှိသောကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်လျှောက်ထား၍ မရပါကြောင်း၊ အဆိုပါမြေကို စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရန်အလို့ငှာ မြေကို စီမံခန့်ခွဲလျက်ရှိတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများက ဌာန မြေအဖြစ်မှ စွန့်လွှတ်ပေးပြီးမှသာ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပုံစံ (၇) ရရှိရေး စိစစ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တောင်သူများ တိုးချဲ့စိုက်ပျိုးလုပ်ကိုင်တဲ့မြေများနှင့်စပ်လျဉ်းပြီး လုပ်ကွက်ဧရိယာ၊ နယ်နိမိတ်နှင့် စိုက်ပျိုးလုပ်ကိုင်မှုအခြေအနေ၊ တည်ငြိမ်ခိုင်မာမှု မရှိသော မြေဧရိယာများကို သီးနှံစိုက်ပျိုးထုတ်လုပ်မှုစာရင်းများ ပြုစုနိုင်ရန်နှင့် မြေခွန်စည်းကြပ်ရန်အလို့ငှာသာလျှင် မမြဲဦးပိုင်အဖြစ်သတ်မှတ်၍ စာရင်းပြုစုပြီး စိုက်ပျိုးလုပ်ကိုင်သည့်နှစ်များ၌ မြေခွန်စည်းကြပ်ပါကြောင်း၊ စိုက်ပျိုးလုပ်ကိုင်မှု တည်ငြိမ်လာတဲ့အခါမှာ ကွင်းဖွဲ့တိုင်းတာခြင်း၊ ဦးပိုင်လုပ်ကွက်အလိုက် တိုင်းတာပုံထုတ်ပေးခြင်း၊ အမြဲဦးပိုင်အဖြစ် သတ်မှတ်ပေးခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ၍ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ (၇) ကို ထုတ်ပေးခြင်းလုပ်ငန်းများအား ဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးဆုံးပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ကိုအတည် ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ၂၇-၁၁-၂၀၁၄ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ ဒါကြောင့် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လေးစားအပ်ပါသော လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်ပြီးမြောက်မည့်နေ့အချိန်ဖြစ်ပါတယ်။ ထူးခြားမှုတွေနဲ့အတူ အတွေ့အကြုံသစ်များက ရရှိကြတဲ့ သင်ခန်းစာများဟာ နောင်အတွက် တန်ဖိုးရှိရှိထိထိရောက်ရောက် အသုံးပြုနိုင်ကြပါစေလို့ ဆန္ဒပြုလိုပါတယ်။ ကိုယ်စားလှယ်ကြီးများရဲ့ ပါဝင်မှုဟာ လွှတ်တော်ကို ပိုမိုအသက်ဝင်ခဲ့သလို လုပ်ငန်းဆောင်တာများကိုလည်း ထိုက်သင့်သော အောင်မြင်မှုများရရှိခဲ့ပါတယ်။ (၃၇)ရက်မြောက်နေ့အထိကြာတဲ့ အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်း ၄၉၀ ခုအနက် ၁၇၁ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၈၁၁ ခု အနက် ၆၀၈ ခုကို ဖြေကြားနိုင်ခဲ့ပါတယ်။ အဆို ၆ ခုနှင့် အရေးကြီးအဆို ၄ ခု တင်သွင်းနိုင်ခဲ့ပါတယ်။ ဥပဒေကြမ်း ၄၁ ခု ရှိရာ ဆွေးနွေးပြီး ဥပဒေ ၂၀ ခုကို အမျိုးသားလွှတ်တော်သို့ ပေးပို့နိုင်ခဲ့ပြီး ကျန် ၂၁ ခုကတော့ လွှတ်တော်အတွင်းမှာ ဆွေးနွေးဆဲဖြစ်ပါတယ်။

(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ လွှတ်တော်ကို ပြင်ပမှ လာရောက်လေ့လာသူအရေအတွက်မှာ စုစုပေါင်း ၅၅၀၇ ဦး ရှိပြီး နိုင်ငံခြားသား ၁၈ ဦး၊ မြန်မာနိုင်ငံသား ၅၄၈၉ ဦး ရှိပါတယ်။ ခွဲခြားဖော်ပြရလျှင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၂၉၃၂ ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၇၉၈ ဦး၊ အခြားပါတီ၊ အဖွဲ့အစည်းများမှ ၁၁၅၈ ဦး၊ ကျောင်းသူ၊ ကျောင်းသားများ ၆၀၁ ဦး တို့ဖြစ်ပါတယ်။ ပထမပုံမှန်အစည်းအဝေးမှ ယခု (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ၃၈၄၉၀ ဦး ရှိပြီး၊ နိုင်ငံခြားသား ၇၆၁ ဦး၊ မြန်မာနိုင်ငံသား ၃၇၇၂၉ ဦး ဖြစ်ပါတယ်။ ယင်းတို့မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ၁၉၇၂၁ ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၅၂၈၄ ဦး၊ အခြားပါတီ၊ အဖွဲ့အစည်းများမှ ၄၃၄၉ ဦး၊ ကျောင်းသူ၊ ကျောင်းသားများ ၈၃၇၅ ဦးတို့ဖြစ်ပါတယ်။

ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်စားလှယ်ကြီးများ၏ အပြန်ခရီးကို အပြုံးများဖြင့် ကြိုနေကြမယ့်မိသားစုတွေနဲ့ မဲဆန္ဒရှင်များ၏ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ကြပါစေ။ ထို့အတူ လာမည့် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွက် အားသစ်အင်သစ်များဖြင့် ရွှင်လန်းစွာ ပြန်လည်ရောက်လာကြမယ့် ကိုယ်စားလှယ်ကြီးများကိုလည်း ပြည်သူ့လွှတ်တော်က အားကိုးကြီးစွာဖြင့် စောင့်ကြိုနေမှာဖြစ်ကြောင်း ပြောကြားရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။ သွားလမ်းသာလို့ ပြန်လမ်းဖြောင့်ဖြူးကြပါစေ၊ ကျန်းမာရွှင်လန်းမှုအပြည့်ရရှိကြပါစေ။(သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ ရပ်နားပါမယ်။ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်းနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**[**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို ၁၀း၄၀ နာရီအချိန်တွင် အောင်မြင်စွာကျင်းပပြီးစီးပါသည်။**]**